**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**https://nugmyanmar.org**

**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

## ၂၀၁၇ခုနှစ်တွင် ရိုဟင်ဂျာပြည်သူများအား ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့သော ရာဇဝတ်မှုများ၏ ဆဋ္ဌမနှစ်ပတ်လည်နေ့ ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရသည် ၂၀၁၇ ခုနှစ်တွင် အကြမ်းဖက်စစ်တပ်မှ ရိုဟင်ဂျာပြည်သူများအား ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့သော ရာဇဝတ်မှုများ၏ ဆဋ္ဌမနှစ်ပတ်လည်နေ့ကို ဝမ်းနည်းမှုများစွာဖြင့် အထိမ်းအမှတ်ပြုပါသည်။

၂။ ၂၀၁၇ ခုနှစ်တွင် အကြမ်းဖက်စစ်တပ်မှ အင်အားသုံး သတ်ဖြတ်ခဲ့မှုကြောင့် ထောင်နှင့်ချီသော ရိုဟင်ဂျာပြည်သူများ သေဆုံးခဲ့ရသည်။ ရိုဟင်ဂျာအမျိုးသမီးများ၊ မိန်းကလေးငယ်များအပေါ် အစုအလိုက်အပြုံလိုက် မုဒိမ်းကျင့်ခံရမှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများစွာကို ကြောက်ရွံ့၊ ထိတ်လန့်၊ ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် စနစ်တကျ ကျူးလွန်ခဲ့သည်။ ထိုကဲ့သို့ အကြမ်းဖက်စစ်တပ်၏ ရိုဟင်ဂျာပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်သည် လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်ကြောင်း ယမန်နှစ်က အမေရိကန်ပြည်ထောင်စုအစိုးရက သတ်မှတ်ခဲ့သည်။

၃။ ထို့အပြင် ရိုဟင်ဂျာပြည်သူတို့နေထိုင်ရာ ရခိုင်ပြည်နယ်အတွင်းက ကျေးရွာပေါင်း မြောက်မြားစွာကိုလည်း အကြမ်းဖက်စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့ပြီး ရိုဟင်ဂျာတို့၏ မူလနေရပ်မှ တဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ အတင်းအကျပ်ရွှေ့ပြောင်းစေခဲ့ပြီး သိန်းနဲ့ချီသော ရိုဟင်ဂျာပြည်သူတို့ အိုးအိမ်နှင့် နိုင်ငံကို စွန့်ခွာခဲ့ရပြီး ယခု(၆)နှစ်တာကာလအထိ ရိုဟင်ဂျာပြည်သူ တစ်သန်းကျော်မှာ တဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ဒုက္ခသည်အဖြစ် ကျပ်တည်းဆင်းရဲစွာ နေထိုင်ခဲ့ရသည်။ ရိုဟင်ဂျာပြည်သူအများအပြားသည် မြန်မာနိုင်ငံသို့ နေရပ်ပြန်နိုင်ရေးနှင့်

ပြန်လည်အခြေချနိုင်ရေးအတွက် မရေရာသည့် အနာဂတ်ကို ရင်ဆိုင်နေကြရပြီး ရရာနည်းလမ်းဖြင့် ပင်လယ်ဖြတ်ကျော်၍ ရွှေ့ပြောင်းရန် ကြိုးစားကြရာ လူကုန်ကူးသူများ၏ အန္တရာယ်နှင့် ရင်ဆိုင်ကြရပြန်ပါသည်။ ထိုအချက်ကပင် အခြေအနေ မည်မျှဆိုးရွားနေသည်ကို မီးမောင်းထိုးပြလျက်ရှိပါသည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ရိုဟင်ဂျာပြည်သူများသည် မြန်မာနိုင်ငံ၏ အစိတ်အပိုင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံသားများအဖြစ် အသိအမှတ်ပြုသည်။ ရိုဟင်ဂျာပြည်သူများနှင့် အခြားသော လူနည်းစုဘာသာဝင်များ၊ လူနည်းစုမျိုးနွယ်အုပ်စုများကို ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ ဖယ်ကျဉ် ခွဲခြားဆက်ဆံစေခဲ့သော မူဝါဒအမှားများ၊ အလေ့အကျင့်များနှင့် ပြုမူပြောဆိုမှုများ တည်ရှိခဲ့ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားညီညွတ်ရေးအစိုးရမှ အလွန်ရှက်ရွံ့စွာဖြင့် အသိအမှတ်ပြုလိုပါသည်။ ထိုသို့သော လွဲမှားသည့် ပြောဆိုမှုများ၊ လုပ်ဆောင်ချက်များကြောင့် အကြမ်းဖက်စစ်တပ်သည် ခေတ်အဆက်ဆက် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းနှင့် ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့သော ရာဇဝတ်မှု အမြောက်အများအတွက် ပြစ်ဒဏ်စီရင်မှုမှ ကင်းလွတ်နေကာ ပိုမိုရဲတင်းလာပြီးနောက် မြန်မာနိုင်ငံတဝှမ်းရှိ တိုင်းရင်းသားမျိုးနွယ်အုပ်စုအသီးသီးနှင့် နိုင်ငံသူ၊ နိုင်ငံသားများအား အကြမ်းဖက်မှုများ တနေ့တခြား ပိုမိုဆိုးရွားစွာ ပြုမူလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

၅။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာပြည်သူများဆိုင်ရာ မူဝါဒသဘောထားနှင့်အညီ ရိုဟင်ဂျာပြည်သူများနှင့် နေရပ်စွန့်ခွာနေရသော ပြည်သူများ မိမိသဘောဆန္ဒအလျောက်၊ လုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာနှင့် ရေရှည်တည်တံ့သော နည်းလမ်းများဖြင့် နေရပ်ပြန်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည့် အခြေအနေများကို ဖန်တီးဆောင်ရွက်လျက်ရှိပါသည်။

၆။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် လူနည်းစု အသိုက်အဝန်းများ၊ ၎င်းတို့ကို ကိုယ်စားပြုသူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်လျက် လူမှုအပြောင်းအလဲကို ဖော်ဆောင်ရန်နှင့် ခွဲခြားဆက်ဆံသော ဥပဒေများကို အပြည့်အဝ ပြင်ဆင်နိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့အတွင်းရှိ ဒုတိယဝန်ကြီးတစ်ဦးမှာ ရိုဟင်ဂျာတစ်ဦးဖြစ်ပြီး အစိုးရ၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင်

ရိုဟင်ဂျာပြည်သူများ၏ သဘောထားအမြင်များ ထင်ဟပ်ပါဝင်နိုင်စေရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။

၇။ ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရသည် သမိုင်းတလျှောက် ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများနှင့် လက်ရှိအချိန်တွင် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်စစ်တပ်၏ ဆိုးရွားသည့် ရာဇဝတ်မှုများအပေါ် တရားမျှတမှု ဖော်ဆောင်ရန်အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အမှန်တရားဖော်ထုတ်ရေးနှင့် တာဝန်ခံမှုဖော်ဆောင်ရေးသည် မဖြစ်မနေလိုအပ်ပါသည်။ ထို့အတူ ရိုဟင်ဂျာလူမျိုးများနှင့် အခြားသော လူနည်းစုများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၏ အတိုင်းအဆနှင့် ပမာဏကို အရှိအတိုင်း အသိအမှတ်ပြုခြင်းနှင့် ငြင်းချက်ထုတ်သည့် အလေ့အထကို အဆုံးသတ်ခြင်းသည်လည်း လိုအပ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတို့အပါအဝင် နိုင်ငံအဆင့်နှင့် နိုင်ငံတကာ တရားမျှတမှုရှာဖွေရေး ယန္တရားများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန် ချမှတ်ထားပါသည်။

၈။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ကျရှုံးပြီး ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးနှင့် လူနည်းစုများအား ကာကွယ်ရေးတို့အပေါ် အခြေခံတည်ဆောက်ထားသော ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်းနှင့်အညီ ပေါ်ထွက်လာမည့် ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်လာရေးအတွက် လူမျိုးအသီးသီး၊ ဘာသာအသီးသီးမှ နိုင်ငံသူ၊ နိုင်ငံသားပြည်သူတစ်ရပ်လုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ